ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၂ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

( ၂၀၁၂ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄။ )

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁

**အမည်နှင့်စတင်အကျိုးသက်ရောက်သည့် နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌ ၂၀၁၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစတင်အကျိုးသက်ရောက်စေရမည်။

အပိုင်း ၂

**ပြည်နယ်အစိုးရအဖွဲ့၊**
**ပြည်နယ်လွှတ်တော်၊**
**ပြည်နယ်တရားလွှတ်တော်၊**
**ပြည်နယ်ဥပဒေချုပ်၊**
**ပြည်နယ်စာရင်းစစ်ချုပ်၊**
**ပြည်နယ်ဝန်ကြီးဌာနများ၊**
**ပြည်နယ်အဆင့်ဦးစီးဌာနများ၊**
**စည်ပင်သာယာရေးအဖွဲ့များ။**

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့်(၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေများကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား(၁)နှင့်(၃)တို့တွင် ဖော်ပြထားသော ရငွေများအနက် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)နှင့်(၄)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့်ခွင့်ပြုနိုင်သည်။

၄။ (က) ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ ရသောရငွေ

များနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ကောက်ခံရမည်။ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရမည်။

(ခ) ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွက် ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ(၃) ပုဒ်မခွဲ(ဃ) အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့်စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် ဖော်ပြထားသောငွေများကို ကချင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည်လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ကချင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၆။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့်စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။

၈။ (က) ဇယား(၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေ အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်ဇယား(၅)နှင့်(၆)တို့တွင်မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေများကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၅)နှင့်(၆)တို့တွင် ဖော်ပြထားသောငွေများကို ကချင်ပြည်နယ်လွှတ်တော်၏အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၂–၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) လဂျွန်ငန်ဆိုင်း

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၇. ၂၇၂ | | | | | | |
| ၂ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၄၁ | | | | | | |
| ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၁၁၀ | | | | | | |
| | ပေါင်း | | | | ၁၇. ၅၂၃ | | | | | | |

ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၄၂၈.၆၃၉ | | | ၁၄၂.၂၂၄ | | | |
| ၂ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၂၂၆.၁၆၂ | | | | | | |
| ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃၁၉.၇၄၉ | | | | | | |
| | ပေါင်း | | ၉၇၄.၅၅၀ | | | ၁၄၂.၂၂၄ | | | |

ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင်ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀၃. ၅၃၃ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၀၃. ၅၃၃ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၁၇၃. ၃၂၀ | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့် အခွန် | | ၄. ၅၈၀ | | | | | | | | |
| | ၂ | ရေနှင့်တာတမံခွန် | | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၂၄. ၃၃၂ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက် | | ၁. ၀၄၈ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၄၃. ၃၆၀ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | ၅၆၆. ၂၆၉ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၄၈၁. ၁၂၅ | | | | | | | | |
| | ၂ | ဘီးခွန် | | ၈၅. ၁၄၄ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ၎င်း | | ၈၄. ၂၄၀ | | | | | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ယေား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | အခြားသာမန်ရငွေ | အကိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၁ | ၁၀ | ၁၂ |
| ၅ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၄.၂၅၉ | | | ၁၀၀၀.၀၀၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်တို့၏ ရငွေများလည်း အကျုံးဝင်သည်) | | | | ၁၃.၆၄၈ | | | ၁၀၀၀.၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၃၁ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | | | ၀.၅၈၀ | | | | | | |
| ၆ | | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၄င်း | | | ၁၁.၇၁၄ | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၁.၇၁၄ | | | | | | |
| ၇ | | သမဝါယမ | ၄င်း | | | ၀.၈၈၈ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀.၃၀၈ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရက်ကန်းကျောင်း) | | | | ၀.၅၈၀ | | | | | | |
| ၈ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၄င်း | | | ၅.၈၀၄ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၄.၂၂၂ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁.၂၁၂ | | | | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | | | ၀.၃၇၀ | | | | | | |
| ၉ | | ဆောက်လုပ်ရေး | ၄င်း | | | ၀.၃၁၇ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၃၁၇ | | | | | | |
| ၁၀ | | ဘဏ္ဍာရေးနှင့်အခွန် | ၄င်း | | | | | | ၁၈၇၉၂.၅၅၇ | | ၁၆၄.၆၄၀ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၈၇၉၂.၅၅၇ | | ၁၆၄.၆၄၀ | |
| ၁၁ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၄င်း | | | ၀.၀၁၆ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၁၆ | | | | | | |
| ၁၂ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၄င်း | | | ၁၁.၂၀၄ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၁.၂၀၄ | | | | | | |
| ၁၃ | | အားကစား | ၄င်း | | | ၃၈.၀၂၆ | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၃၈.၀၂၆ | | | | | | |
| ၁၄ | | စည်ပင်သာယာရေးအဖွဲ့ | ၄င်း | | | ၄၆၁၉.၉၀၀ | | | | | | |
| | ၁ | စည်ပင်သာယာရေးအဖွဲ့များ | | | | ၄၆၁၉.၉၀၀ | | | | | | |
| | | ပေါင်း | | ၉၄၃.၁၆၂ | ၈၄.၂၄၀ | ၄၇၀၂.၁၂၈ | | | ၁၉၇၉၂.၅၅၇ | | ၁၆၄.၆၄၀ | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၈၇၃. ၆၅၃ | | ၁၀၂၀. ၀၀၀ | ၅၅၉. ၄၈၂ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်တို့၏ သုံးငွေများလည်း အကျုံးဝင်သည်) | | ၂၀၃၇. ၇၃၃ | | ၁၀၂၀. ၀၀၀ | ၄၈၇. ၀၃၉ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၇၀. ၂၉၅ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | ၇၆၄. ၆၂၅ | | | ၇၂. ၄၄၃ | | | |
| ၂ | | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၄င်း | ၆၄၇. ၉၅၇ | | | ၈၅. ၀၀၀ | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၅၆၉. ၉၆၃ | | | ၈၅. ၀၀၀ | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာန | | ၇၇. ၉၉၄ | | | | | | |
| ၃ | | သမဝါယမ | ၄င်း | ၂၁၄. ၄၆၈ | | | ၆၄. ၂၁၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၂၀၉. ၆၇၈ | | | ၆၃. ၃၅၇ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရက်ကန်းကျောင်း) | | ၄. ၇၉၀ | | | ၀. ၈၅၄ | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၄င်း | ၂၃၀. ၇၁၃ | | | ၂၃. ၄၀၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၆၅. ၃၀၃ | | | ၁၀. ၄၀၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၃၃. ၃၁၀ | | | ၁၃. ၀၀၀ | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | ၃၂. ၁၀၀ | | | | | | |
| ၅ | | ဆောက်လုပ်ရေး | ၄င်း | ၇၁၉၃. ၉၈၉ | | | ၅၅၆၉. ၄၆၁ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၉၀. ၇၂၈ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားပြင်ဆင်ထိန်းသိမ်းခြင်း | | ၇၁၀၃. ၂၆၁ | | | ၅၅၆၉. ၄၆၁ | | | |
| ၆ | | ဘဏ္ဍာရေးနှင့်အခွန် | ၄င်း | ၄၀. ၆၄၄ | | | | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၀. ၆၄၄ | | | | | | |
| ၇ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၁၆၃. ၉၅၄ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၆၃. ၉၅၄ | | | | | | |
| ၈ | | အလုပ်သမား | ၄င်း | ၈. ၄၄၁ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၈. ၄၄၁ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၄င်း | ၄၁၈. ၂၀၄ | | | ၃၄. ၉၁၀ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၄၁၈. ၂၀၄ | | | ၃၄. ၉၁၀ | | | |
| ၁၀ | | အားကစား | ၄င်း | ၈၈. ၁၈၀ | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၈၈. ၁၈၀ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့ | ၄င်း | ၂၄၁၉. ၇၃၇ | | | ၂၇၂၈. ၇၉၈ | | | |
| | ၁ | စည်ပင်သာယာရေးအဖွဲ့များ | | ၂၄၁၉. ၇၃၇ | | | ၂၇၂၈. ၇၉၈ | | | |
| | | ပေါင်း | | ၁၄၂၉၉. ၉၂၀ | | ၁၀၂၀. ၀၀၀ | ၉၀၆၅. ၂၆၂ | | | |

# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ရငွေများ: အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | ၁၅. ၅၇၅ | | | | | | |
| | ၁ မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၅. ၅၇၅ | | | | | | |
| ၂ | သတ္တုတွင်း | ၄င်း | | | ၂. ၇၆၀ | | | | | | |
| | ၁ မြန်မာ့ဆား နှင့် အဏ္ဏဝါဓါတုဗေဒပစ္စည်း | | | | ၂. ၇၆၀ | | | | | | |
| | ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | | | | | | | | | |
| ၃ | ဆောက်လုပ်ရေး | ၄င်း | | | ၁၁၈၄၀. ၇၄၁ | | | | | | |
| | ၁ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၁၁၈၄၀. ၇၄၁ | | | | | | |
| | ပေါင်း | | | | ၁၁၈၅၉. ၀၇၆ | | | | | | |

# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ

ဇယား(ဖ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၈. ၁၅၈ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၈. ၁၅၈ | | | | | | |
| ၂ | | သတ္တုတွင်း | ၄င်း | ၉. ၂၈၆ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓါတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၉. ၂၈၆ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၄င်း | ၁၂၀၃၃. ၉၂၆ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၂၀၃၃. ၉၂၆ | | | | | | |
| | | ပေါင်း | | ၁၂၀၆၁. ၃၇၀ | | | | | | |